ရောင်းဟီးကျေးရွာ

အုန်းသာကျေးရွာအုပ်စု၊ ဖောင်းပြင်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရောင်းဟီးကျေးရွာ

(၂၀၁၉ ၊ ဇန်နဝါရီလ)

မာတိကာ

မာတိကာ

၁။စကားချီ

၂။နိဒါန်း

၃။ရည်ရွယ်ချက်

၄။ တည်နေရာနှင့် ပထဝီအနေအထား

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။စကားချီ

ဤကျေးရွာ၏ဖွံ့ဖြိုးရေးအစီစဉ်သည် အစိုးရဌာန ပြည်တွင်းပြည်ပအဖွဲ့အစည်း နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း များရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်လက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိသောအခါ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်းများ အချက်လက်များကိုရ ယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ရန် အရေးကြီးကြောင်းတို့ကိုသတိထားမိပါသည်။

ဤအစီစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအမြင်အနေများ၊တွေ့ကြုံရသော ပြဿနာများ၊ ပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကိုအထောက်ပံ့ဖြစ်သောအချက်လက် များနှင့် အဟန့်အသားဖြစ်စေသောအချက်များအပေါ်အခြေခံ၍ (၅)နှစ်တာကာလအတွင်းဆောင်ရွက်လို သောစီမံကိန်းများကို ဖော်ထုပ်၍အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲအစည်းများ၊အရပ်ဘက်အဖွဲ့အ စည်းများ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိ ရှိ နားလည်စေခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

ရောင်းဟီးကျေးရွာ၊ ဖောင်းပြင်မြို့နယ်

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ

၂။နိဒါန်း

ရောင်းဟီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောအတွေ့အကြုံများကိုလေ့လာပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီစဉ်ဖြစ်ကြောင်းသိရှိရပါသည်။အစီစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေနေများ၊ကြုံတွေ့ရသော ပြဿနာများ၊ပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်လက်များအပေါ် အခြေခံ၍(၅)နှစ်သာကာလအတွက် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့်စီမံချက်များကိုဖော်ထုပ်၍အစိုးရဌာနများအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကိုချိတ်ဆက်၍ ဆောင်ရွက်ရမည်ကိုသိရှိနားလည်း စေခဲ့ပါသည်။

၃။ရည်ရွယ်ချက်

လူထုကိုဦးဆောင်ပါဝင်စေသည့်လုပ်ငန်းဖြစ်သောကြောင့်ကိုတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ချင်းရှင်းလင်းမှုရစေကာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူထုပါဝင်ရ၍ စည်းလုံးညီညွတ်စွာလုပ် ကိုင်တတ်စေ ခြင်းတို့ကြောင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

၄။ တည်နေရာနှင့် ပထဝီအနေအထား

ရောင်းဟီးကျေးရွာသည်ဖောင်းပြင်မြို့၏တောင်ဘက်(၇)မိုင်အကွာတွင်တည်ရှိပါသည်။ ဖောင်းပြင်မြို့သို့သွားလာရတွင်ကားလမ်းမကြီးမှသွားလာရပါသည်။ရောင်းဟီးကျေးရွာသည်အာရှာလမ်းနှင့်ဗျူဟာလမ်းဆုံတွင်တည်ရှိပါသည်။ဖောင်းပြင်မြို့သို့သွားရန်လမ်းပန်းဆက်သွယ်ရေးမှာကောင်းပါသည်။ကျေးရွာ ၏မြေအနေထားမှာ မြေနိမ့်ပိုင်းနှင့်ကုန်းလတ်ပိုင်းတွင်တည်ရှိပါသည်။

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရောင်းဟီးကျေးရွာသည်မိုးရေချိန်ပျမ်းမျှ(၇၀)လက္ခရှိပြီးစိုက်ပျိုးရေးအတွက်အထောက်အကူဖြစ်သည်။ကျေးရွာ၏ရေမြေတောင်အနေထားမှာသဘာဝကျပါသည်။ကျေးရွာသည်ဆန်၊စပါး၊ကောက်ပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိကလုပ်ကိုင်ကြသည်။ရောင်းဟီးကျေးရွာသည်အိမ်ထောင်စု (၁၅၅)အိမ် ရှိသည့်အနက် တောင်ပေါ်ပိုင်းတွင် နေထိုင်ကြသောအိမ်ထောင်စုများသည်ရေခက်အခဲအနည်းငယ်တွေ့ ရှိနေရပါသည်။

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းတွင်ရပ်မိရပ်ဖများနှင့်လူမှုရေးအဖွဲ့၊လူမှုကူညီရေးအသင်း၊ဂေါပကအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့၊အရံမီးသတ်တပ်အဖွဲ့များရှိပါသည်။ကျေးရွာခေါင်းဆောင်နှင့်ရွာကျောင်းဆရာတော်တို့၏ဦးဆောင် မှု တို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ကိုင်နေကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ရောင်းဟီးကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာလယ်ယာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးစိုက်ပျိုးကြပါသည် ။ လယ်ယာမြေလုပ်ငန်းမှဝင်ငွေရရှိမှုမှာနည်းပါသည်။အိမ်ခြေ(၁၅၅)ရှိသည့်အနက်စီးပွားရေးအဆင်ပြေသောအိမ်ထောင်စုမှာနည်းပါသည်။ ကျေးရွာတွင်မိုးစပါးစိုက်ပျိုးမြေ(၄၁၆) ဧကစိုက်ပျိုး ကြသည်။နှစ်စဉ်ကျေးရွာမှမိုးစပါးတင်းရေ (၂၀၈၀၀) ခန့်ထွက်ရှိပါသည်။မိုးစပါးကိုဈေးလိုင်းသြဂုတ်လများတွင်စတင်စိုက်ပျိုးလေ့ရှိပြီးနိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၅၀)တင်း ဖြစ်သည်။ ဆန်၊စပါး ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြ ပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းသည့် အတွက် လူငယ်များသည် ပြင်ပသို့ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင်လုပ်သားရှားပါး လာပါသည်။ အခြား သားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့်ကျေးရွာမှအိမ်ထောင်စုများသည် တစ်နိုင်တစ် ပိုင် မွေးမြူရေးကိုသာ လုပ်ကိုင်ပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာအတွင်းရှိ လမ်းတံတားအဆောက်အဦးများမှာ များပြားလပါသည်။ကျေးရွာအတွက် လျှပ်စစ်စွမ်းအင်အနေဖြင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှဆင်းရဲသားလျော့ချရေးရန်ပုံငွေဖြင့်ထောက်ပံ့ပေးအပ်သော **(၅၀)KVA** ဒီဇယ်ဓါတ်အားပေးစက်ကို ၂၀၁၈-၅ လပိုင်းတွင် တည်ဆောက်ထားပါသည်။ ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန်အတွက် **2"Øx200'** အဝိစိရေတွင်းနှင့် ရေစက်ရုံကို ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးထားပါသည်။ကျေးရွာတွင်အိမ်ထောင်စု ၂၀**%**ခန့်သည်ကိုယ်ပိုင်ရေတွင်းများ သုံးစွဲနိုင်ကြ ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို နွေစပါး/မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ ကိုင်း(အခင်း)အတွက် တစ်ဧကကို (၅၀၀၀၀)ကျပ်ဖြင့် ထုတ်ပေးလျှက်ရှိပါသည်။ အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။ တောင်သူ လယ်သမားများသာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ – တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများလည်း လိုအပ်ပါသည်။ကျေးရွာ၏ငွေကျေးဆိုင်ရာ အခက်အခဲများ ပေါ်ပေါက်လာပါက ဂေါပကအဖွဲ့အစည်းမှ စုဆောင်းငွေများကိုလည်း ထုတ်ချေးပေး လျှက် ရှိပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံရေးတတ်/ဖတ်တတ်ရုံသာ တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ဘွဲ့ရအလုပ်လက်မဲ့များလည်းပေါများပါသည်။ ကျေးရွာတွင် အထကခွဲကျောင်းရှိပါသည်။အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမှီသောကြောင့် လူငယ်များမှာအသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီးဌင်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ ကလေးသူငယ်များအတွက်ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များကိုကျေးရွာအနီးရှိကျေးလက်ကျန်းမာရေးဌာနခွဲမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။ထူးခြားစွာဖြစ်ပေါ်သော ကျန်းမာရေးချို့ယွင်းမှုများမှာ မရှိသလောက်ရှားပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည်သစ်တောကြိုးဝိုင်းအနီးတစ်ဝိုက်တွင်တည်ရှိသောကြောင့် သစ်တောပြုန်းတီးမှု

အန္တရာယ်မရှိနိုင်ပါသည်။ရွာ၏တောင်ဘက်(၃)ဖာလုံအကွာတွင်နန်းမခွင်ချောင်းမှရေကိုမြောင်းတူးသွယ်ယူကာလယ်ယာမြေများကိုစိုက်ပျိုးလေ့ရှိပါသည်။ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေဩဇာများ အသုံးပြုခြင်း ၊သဘာဝသစ်ဆွေး မြေဩဇာများနှစ်စဉ်မထည့်သွင်း နိုင်ခြင်းတို့ ကြောင့်မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့ နေရသည်။ ဆောင်းသီးနှံဟင်းသီးဟင်းရွက်နှင့်ပဲအမျိုးမျိုးစိုက်ခင်းများတွင်ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေးများအသုံးပြုရာတွင်ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက်၊ဘေးကင်းလုံခြုံမှုရှိရန်လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်ခြင်းတွင်အားနည်းသေးကြောင်း တွေ့ရှိရပါသည်။

(၈) ကျား – မ ရေးရာ

ရောင်းဟီးကျေးရွာအတွင်းရှိ ကျား/မ ရေးရာအဖွဲ့စည်းများသည် ဥပဒေကိုလက်ကိုင်ထားကာ အရာရာကိုရင်ဆိုင်နိုင်သောအသိပညာနှင့်အခွင့်လမ်းများလည်းရှိပါသည်။ကျား/မဆိုင်ရာအခွင့်အရေး အနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများကဦးဆောင် လေ့ရှိပြီးအမျိုးသမီးများလည်း တန်းတူပါဝင် ဆောင်ရွက်လေ့ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သောထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများလည်း ဆောင်ရွက်လေ့ရှိသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည်လယ်ထွန်ခြင်းစသည့်လုပ်ငန်းများလုပ်ကိုင်ကြသည်။ဘာသာရေးအထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များတွင်(ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးေောင်မှုဖြင့်တရားပွဲများကျင်းပခြင်း)အမျိုးသမီးများသည်အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသားများသည်အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်းတွေ့ရသည်။မူလတန်းကျောင်းပညာရေးမှတက္ကသိုလ်ပညာရေးထိကျားမတန်းတူအခွင့်အရေးရှိပါသည်။

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	ကျေးရွာတွင်းလမ်းကျောက်ရောမြေလမ်း (၁၅၀၀'×၁၂'×၁' ၆'') ခင်းခြင်းလုပ်ငန်း	၁
၂	အခြေခံအဆောက်အဦး	ကွန်ကရစ်တံတား(၆'×၁၅'×၆') (၅)စင်းတည်ဆောက်ခြင်းလုပ်ငန်း	၂
၃	အခြေခံအဆောက်အဦး	ကွန်ကရစ်တံတား(၆'×၁၈'×၄') (၅)စင်းတည်ဆောက်ခြင်းလုပ်ငန်း	၃
၄	အခြေခံအဆောက်အဦး	ကျေးရွာစာကြည့်တိုက်(၃၀'×၂၆'×၁၅') တည်ဆောက်ခြင်းလုပ်ငန်း	၄
၅	အခြေခံအဆောက်အဦး	ကျေးရွာတွင်းလမ်းကျောက်ရောမြေလမ်း (၁၀၀၀'×၁၀'×၁' ၆'') ခင်းခြင်းလုပ်ငန်း	၅
၆			
၇			

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်/အရင်းအနှီးများ / အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁	လမ်း ကောင်း မွန်မှု မရှိခြင်း	မိုးရေတိုက်စားခြင်း	လမ်းခင်းကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း/ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ငွေကြေးလုံလောက်မှု မရှိခြင်း	မြေသားတာဘောင်တင်၍ ကျောက်ရောမြေခင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်း	မြေသားလမ်းမှ ကျောက်ရော မြေလမ်း (၁၅၀၀'× ၁၂'× ၁' ၆'') ဆောင်ရွက်ခြင်း
၂	အသား တံတား ဖြစ်ခြင်း	သွားလာရန် ခက်ခဲခြင်း	သစ်/သဲ/ကျောက်/ ကျေးရွာလူထု၏ လုပ်အားများရရှိနိုင်ခြင်း	ငွေကြေးလုံလောက်မှု မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း	ကွန်ကရစ်တံတား (၆'× ၁၅'× ၆') (၅)စင်း
၃	အသား တံတား ဖြစ်ခြင်း	သွားလာရန် ခက်ခဲခြင်း	သစ်/သဲ/ကျောက်/ ကျေးရွာလူထု၏ လုပ်အားများရရှိနိုင်ခြင်း	ငွေကြေးလုံလောက်မှု မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း	ကွန်ကရစ်တံတား (၆'× ၁၈'× ၄') (၅)စင်း
၄	လူထုစာ ပေဗဟုသု	စာပေလေ့လာရန် စာကြည့်တိုက်မရှိ	သစ်/သဲ/ကျောက်/ ကျေးရွာလူထု၏	ငွေကြေးလုံလောက်မှု	သက်ဆိုင်ရာဦးစီးဌာနများနှင့်ဆက်သွယ်၍ပူးပေါင်း	စာကြည့်တိုက်

	နဲပါးခြင်း	ခြင်း	လုပ်အားများရရှိနိုင်ခြင်း	မရှိခြင်း	ဆောင်ရွက်ခြင်း	(၃၀'× ၂၆'× ၁၅') တည်ဆောင်ခြင်း
၅	လမ်း ကောင်း မွန်မှု မရှိခြင်း	မူလရှိနေသောလမ်း မြေနိမ့်၍ရေလျှံခြင်း	လမ်းခင်းကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း/ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ငွေကြေးလုံလောက်မှု မရှိခြင်း	မြေသားတာဘောင်တင်၍ ကျောက်ရောမြေခင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်း	မြေသားလမ်းမှ ကျောက်ရော မြေလမ်း (၁၀၀၀'× ၁၈'× ၁'၆'') ဆောင်ရွက်ခြင်း


N
W
E
S
ဘုန်းကြီးကျောင်း
ဂုရုပါ
စမ်းရေသောက်
ရုံး
ဓာတ်ခုံ
အလှူခံတဲ့
ဘုကား
ဟိန်း
ကယ်
သစ်ပင်
ရာဇဝင်
ကျောင်း
ကားလမ်း
ကြီးမြတ်
အင်း
ဟောင်းပျဉ်းကန်
ပဒုမ္မာသာကူးဘုရား
မူဘာလမ်းမကြီး
အောက်ပိုက်ဆို့

